**ASIA WORLD COMPANY LIMITED**

**PRESS STATEMENT**

**8 August 2019**

# အေးရှားဝေါလ်ကုမ္ပဏီ၏ ထုတ်ပြန်ချက်

**ရန်ကုန် - ဩဂုတ်လ ၈ ရက်၊ ၂၀၁၉ ခုနှစ် - အေးရှားဝေါလ်ကုမ္ပဏီ** ("အေးရှားဝေါလ်" သို့မဟုတ် "လုပ်ငန်းစု") မှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် လူ့အခွင့်အရေးကောင်စီ၏ အချက်အလက်ရှာဖွေရေးမစ်ရှင် ("FFM") မှ ထုတ်ပြန်ခဲ့သော အခြေအမြစ်မရှိသည့် စွပ်စွဲချက်များ ပါဝင်သည့် အစီရင်ခံစာကို ပြင်းထန်စွာ ရှုံ့ချကန့်ကွက်ပါသည်။

အစီရင်ခံစာတွင်ပါရှိသော အေးရှားဝေါလ်ကုမ္ပဏီနှင့် ၄င်း၏ တည်ထောင်သူ ဥက္ကဋ္ဌဖြစ်သည့် ဦးထွန်းမြင့်နိုင်နှင့် ပက်သက်ပြီး ခိုင်လုံမှုမရှိသော အစီရင်ခံစာများ၊ တိကျသေချာမှုမရှိသည့် များစွာသော အချက်အလက်များမှာ အေးရှားဝေါလ်ကုမ္ပဏီအား အဖျက်သဘောဆောင်သည့် လုပ်ရပ်ပင် ဖြစ်ပါသည်။ အေးရှားဝေါလ်ကုမ္ပဏီသည် တာဝန်သိနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုမ္ပဏီမှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြုပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်းမှတစ်ဆင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးအစရှိသည့် ကဏ္ဍများတွင် ထောက်ပံ့လှူဒါန်းမှုများ စဉ်ဆက်မပြတ် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပါသည်။

အေးရှားဝေါလ်အနေဖြင့် မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ ဆောင်ရွက်ချက်များတွင် အလှူငွေများ ထည့်ဝင်ခြင်းနှင့် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးတည်ဆောက်ရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုအဖြစ် ပူးပေါင်းပါဝင်ကာ ပြည်သူ့အကျိုးပြုပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်း၏ ချမှတ်ထားသော သံဓိဋ္ဌာန်နှင့်အညီ နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးကဏ္ဍများတွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ အင်တိုက်အားတိုက်ပါဝင်လုပ်ဆောင်ခဲ့ပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေဖြင့် အင္ဂူမော်မှ မောင်တောသို့ ဆက်သွယ်ပေးထားသည့် ၅၄ ကီလိုမီတာရှည်လျားသော ကွန်ကရစ်လမ်းသစ်ကြီးကို မကြာသေးမီကပင် ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ပါသည်။ ရာသီဥတုမရွေးအဆင်ပြေပြေချောမွေ့စွာ အသုံးပြုသွားလာနိုင်သည့် အဆိုပါလမ်းသစ်ကြီးကို ရာသီဥတုခြောက်သွေ့ကောင်းမွန်ချိန်၌သာ အသုံးပြု

နိုင်သော လမ်းပေါင်းအစား ဖောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ပါသည်။ ယခုလမ်းသစ်ကြီးသည် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရှိ ဒေသခံပြည်သူများအတွက် ပညာရေး နှင့် ကျန်းမာရေးထောက်ပံ့စောင့်ရှောက်မှုများ ပိုမိုလွယ်ကူမြန်ဆန်စွာ ရရှိနိုင်စေရန် ကောင်းစွာ အထောက်အကူပြုနေကြောင်းကိုလည်း ကွင်းဆင်းလေ့လာချက်စစ်တမ်းများအရ သိရှိထားပြီးဖြစ်ပါသည်။

အေးရှားဝေါလ်အနေဖြင့် မိမိတို့၏ လူမှုအကျိုးပြုလုပ်ငန်းများအနက် ယခုကဲ့သို့ လမ်းဖောက်လုပ်လှူဒါန်းသည့် စီမံကိန်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနိုင်မည်ဟု ခိုင်မာစွာ ယုံကြည်မိပါသည်။ အေးရှားဝေါလ်အနေဖြင့် ဆက်လက်၍ မိမိတို့၏ မူဝါဒများဖြစ်သော တာဝန်သိစီးပွားရေးလုပ်ကိုင်ခြင်း၊ ခွဲခြားနိမ့်ချဆက်ဆံမှုမရှိခြင်းနှင့် လူ့အခွင့်အရေးလေးစားလိုက်နာခြင်းမူဝါဒများကို လက်ကိုင်ထားကျင့်သုံးလျက် ရှိပါသည်။




*ရာသီဥတုမရွေးအဆင်ပြေချောမွေ့စွာ အသုံးပြုသွားလာနိုင်ရန် အငူမော်မှ မောင်တောသို့ ဆက်သွယ်ပေးထားသည့် ၅၄ ကီလိုမီတာရှည်လျားသော ကွန်ကရစ်လမ်းသစ်ကြီးကို မပြုပြင်မီနှင့် ပြုပြင်ဖောက်လုပ်ပြီးနောက်ပိုင်း တွေ့ရစဉ်*

– END –

**ASIA WORLD COMPANY LIMITED**

**About Asia World Company Limited (AWC)**

**A Journey Together in Myanmar**

အေးရှားဝေါလ်ကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် ကုန်သွယ်ရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ အေးရှားဝေါလ်ကုမ္ပဏီသည် အခြေခံအဆောက်အအုံ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေတိုးတက်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စွမ်းအင်၊ ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဖြန့်ချိရေးနှင့် အရောင်းဆိုင်ခန်းများ၊ အာမခံလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိပါသည်။

ကုမ္ပဏီစတင်တည်ထောင်ခဲ့ချိန်မှစ၍ ယနေ့အထိ ဆယ်စုနှစ်နှစ်ခုကျော်အတွင်း အေးရှားဝေါလ်ကုမ္ပဏီမှ အရည်အချင်းပြည့်ဝပြီး တက်ကြွစိတ်အားထက်သန်သော ဝန်ထမ်းပေါင်း ၈၀၀၀ ကျော်ကို ပျိုးထောင်လေ့ကျင့်ပေးခဲ့ပြီးဖြစ်ပါသည်။ အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်လုပ်ငန်းစုများ၊ ဝန်ထမ်းများနှင့် ပြည်သူလူထုအကြား အပြန်အလှန်အကျိုးပြုသည့် ဆက်နွယ်မှုကို အလေးထားယုံကြည်ပါသည်။

အေးရှားဝေါလ်ကုမ္ပဏီသည် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှု၊ ရိုးသားပွင့်လင်းမှုနှင့် စီမံခန့်ခွဲမှုတို့တွင် ဂုဏ်ယူဝင့်ကြွားစွာ၊ အဆင့်အတန်းမြင့်မားစွာဖြင့် ရပ်တည်လျက်ရှိပါသည်။ ရှေ့ဆက်၍လည်း အေးရှားဝေါလ်ကုမ္ပဏီ၏ လုပ်ဆောင်ချက်များတွင် အကောင်းမွန်ဆုံးရလဒ်များ ထွက်ပေါ်လာရေး ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ထပ်မံသိရှိလိုသည်များရှိပါက အေးရှားဝေါလ်ကုမ္ပဏီဝက်ဘ်ဆိုက် https://www.asiaworldcompany.com/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

**မီဒီယာများအနေဖြင့် ဆက်သွယ်မေးမြန်းလိုပါက အေးရှားဝေါလ်ကုမ္ပဏီသို့ media@asiaworldcompany.com မှ တစ်ဆင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**